## နယ်စပ် ဝင်/ထွက် ပေါက် စစ်ဆေးရေးစခန်း ထုတ်ကုန်လုပ်ငန်းစစ်ဆေးပုံအဆင့်ဆင့်

| | |
|---|---|
| (၁) မှတ်ပုံတင်/စာရင်းရေးသွင်းခြင်း | - ရုံးချုပ်မှဖွင့်လှစ်သော ဖိုင်များအား စာရင်းမှတ်တမ်း ရေးသွင်းခြင်း။<br>- EL, ED, Invoice, Packing list, Sale Contract, Other Relevant Document တို့ဖြင့် ဖိုင်ဖွင့်လှစ် စာရင်းရေးသွင်းခြင်း။ |
| (၂) ကုန်ပစ္စည်းအမျိုးအစားသတ်မှတ်ခြင်း | - စည်းကြပ်အရာရှိမှ တင်ပို့ကုန်ပစ္စည်းများအားအမျိုးအစား သတ်မှတ်ခြင်း။ |
| (၃) အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်း | - တင်ပို့ပစ္စည်းများအပေါ် Recorded Price များဖြင့် တန်ဖိုးသတ်မှတ်ခြင်း။<br>- Recorded Price မရှိပါက ကုန်ပစ္စည်း တန်ဖိုးသတ်မှတ်ရေး အဖွဲ့ဖြင့် သတ်မှတ်ခြင်း။ |
| (၄) အခွန်စည်းကြပ်ခြင်း | - တင်ပို့ကုန်ပစ္စည်းအပေါ် သီးခြားညွှန်ကြားချက်အရ အခွန်တွက်ချက် စည်းကြပ်ခြင်း။<br>- ကြိုတင်ဝင်ငွေခွန် ၂% ပေးသွင်းပြီး တာဝန်ခံစည်းကြပ်အရာရှိမှ ED အားစစ်ဆေးအတည်ပြုခြင်း။ |
| (၅) ကုန်ပစ္စည်းများစစ်ဆေးခြင်း | - ပို့ကုန်စစ်ဆေးရေးတွင် Channel (Green, Yellow, Red) အလိုက် တာဝန်ကျပို့ကုန်စစ်ဆေးရေးအရာရှိမှ စစ်ဆေးခြင်း။<br>- ပို့ကုန်တာဝန်ခံစစ်ဆေးရေးအရာရှိမှ အတည်ပြု ယာဉ်ထွက်ခွာခြင်း။<br>- မှန်ကန်မှုမရှိပါက အရေးယူဆောင်ရွက်ရန် တာဝန်ခံ(OSS) ထံတင်ပြခြင်း။ |

## နယ်စပ် ဝင်/ထွက် ပေါက် စစ်ဆေးရေးစခန်း သွင်းကုန်လုပ်ငန်းစစ်ဆေးပုံအဆင့်ဆင့်

| | |
|---|---|
| (၁) မှတ်ပုံတင်/စာရင်းရေးသွင်းခြင်း | - ရုံးချုပ်မှဖွင့်လှစ်သော ဖိုင်များအား စာရင်းမှတ်တမ်း ရေးသွင်းခြင်း။<br>- IL, ID, Invoice, Packing list, Sale Contract, Other Relevant Document တို့ဖြင့် ဖိုင်ဖွင့်လှစ် စာရင်းရေးသွင်းခြင်း။ |
| (၂) ကုန်ပစ္စည်းအမျိုးအစားသတ်မှတ်ခြင်း | - စည်းကြပ်အရာရှိမှ တင်သွင်းကုန်ပစ္စည်းများအား အမျိုးအစား သတ်မှတ်ခြင်း။<br>- H.S 2017 Version MFN Rate သတ်မှတ်ခြင်း။ |
| (၃) အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်း | - တင်သွင်းပစ္စည်းများအပေါ် Recorded Priceများဖြင့် တန်ဖိုး သတ်မှတ်ခြင်း။<br>- Recorded Price မရှိပါက ကုန်ပစ္စည်းတန်ဖိုးသတ်မှတ်ရေး အဖွဲ့ဖြင့် သတ်မှတ်ခြင်း။ |
| (၄) အခွန်စည်းကြပ်ခြင်း | - MFN Rate အရ တင်သွင်းကုန်ပစ္စည်းအား အခွန်တွက်ချက် စည်းကြပ်ခြင်း။<br>- ကြိုတင်ဝင်ငွေခွန် ၂% ပေးသွင်းပြီး တာဝန်ခံစည်းကြပ်အရာရှိမှ ID အားစစ်ဆေးအတည်ပြုခြင်း။ |
| (၅) ကုန်ပစ္စည်းများစစ်ဆေးခြင်း | - သွင်းကုန်စစ်ဆေးရေးတွင် Channel (Green, Yellow, Red) အလိုက် တာဝန်ကျ သွင်းကုန်စစ်ဆေးရေးအရာရှိမှ စစ်ဆေးခြင်း။<br>- သွင်းကုန်တာဝန်ခံစစ်ဆေးရေးအရာရှိမှ အတည်ပြု ယာဉ်ထွက်ခွာခြင်း။<br>- မှန်ကန်မှုမရှိပါက အရေးယူဆောင်ရွက်ရန် တာဝန်ခံ(OSS) ထံတင်ပြခြင်း။ |

နောက်ဆက်တွဲ (က)

## မြဝတီနယ်စပ်ဒေသကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း၏ MACCS စနစ်ဖြင့် ဆောင်ရွက်သော Importလုပ်ငန်းစဉ်အဆင့်ဆင့်

၁။ Declarant မှ MACCS စနစ်ဖြင့် သွင်းကုန်ကြေညာလွှာတင်သွင်းခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်ရပါသည်။ (အကောက်ခွန်လျှော့နှုန်းခံစားမည့် ကုန်ပစ္စည်းများအတွက် လျှော့နှုန်းခံစားခွင့် အထောက်အထားကို တစ်ပါတည်း ပူးတွဲတင်ပြရန် လိုအပ်ပါသည်။)

၂။ Yellow Channel နှင့် Red Channel အဖြစ် သတ်မှတ်ခံရသော သွင်းကုန်ကြေညာလွှာများအတွက် တာဝန်ခံစည်းကြပ်အရာရှိမှ သတ်မှတ်ပေးသော စည်းကြပ်အရာရှိက MACCS စနစ်တွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ ပြည့်စုံစွာပူးတွဲတင်ပြထားခြင်း ရှိ/မရှိ၊ ကြေညာထားသော HS Code နှင့် ကုန်ပစ္စည်းအမျိုးအစား ကိုက်ညီမှုနက်မှု ရှိ/မရှိနှင့် အခွန်တွက်ချက်ဖော်ပြထားမှုများ အားစိစစ်ပါမည်။

၃။ စာရွက်စာတမ်း အထောက်အထားမူရင်း တင်ပြအစစ်ဆေးခံရန် လိုအပ်သောကိစ္စရပ်များအတွက် စည်းကြပ်အရာရှိထံတွင် မူရင်းစာရွက်စာတမ်းများအား တင်ပြ၍ အစစ်ဆေးခံရမည်။ (Green Channel အဖြစ်သတ်မှတ်ခံရသော သွင်းကုန်ကြေညာလွှာများအတွက် စာရွက်စာတမ်းစစ်ဆေးမှုခံယူရန် မလိုအပ်ပါ။)

၄။ စိစစ်ပြီးစီးပါက စစ်ဆေးမှုပြီးစီးကြောင်း (Examination Completion) ကို ဆောင်ရွက်ပေးပါသည်။

၅။ Declarant သည် ကျသင့်သော အခွန်အခများအား Direct Payment နည်းလမ်းဖြင့်လည်းကောင်း၊ Deposit Payment နည်းလမ်းဖြင့်လည်းကောင်း ပေးဆောင်ပြီးပါက Release Order ကို စနစ်မှ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ထို့နောက် သွင်းကုန်တာဝန်ခံစစ်ဆေးရေးအရာရှိထံတွင် Release Order နှင့်အတူ ကုန်တင်ယာဉ် စစ်ဆေးခွင့်စာရွက် (ယာဉ်ဝင်ခွင့်) အထောက်အထားကို တင်ပြ၍ ကုန်ပစ္စည်းအား မျက်မြင်စစ်ဆေးရန် စစ်ဆေးရေးအရာရှိအမည် တောင်းခံရပါမည်။ (Green Channel အပါအဝင် Channel အားလုံးအတွက် ကုန်ပစ္စည်းစစ်ဆေးမှုကို မပျက်မကွက်ခံယူရပါမည်။)

၇။ ကုန်ပစ္စည်းများအား မျက်မြင်စစ်ဆေးပြီးပါက စစ်ဆေးရေးအရာရှိမှ MACCS စနစ်တွင် စစ်ဆေးချက်မှတ်တမ်းရေးသွင်း၍ Release Order စာရွက်တွင် လက်မှတ်ရေးထိုးပေးပါမည်။ ကုန်ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ဓါတ်ခွဲစမ်းသပ်စစ်ဆေးမှုခံယူရမည့် ကုန်ပစ္စည်းများအားနမူနာ (Sample) ထုတ်ယူခြင်း၊ အကောက်ခွန်ချိပ်ပိတ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။ (ဥပမာ - FDA ခွင့်ပြုချက်လိုအပ်သော ကုန်ပစ္စည်းများ)

၈။ သွင်းကုန်တာဝန်ခံစစ်ဆေးရေးအရာရှိထံတွင် Release Order နှင့် ယာဉ်စစ်ဆေးပြီးစီးကြောင်းလက်မှတ်စာရွက်(ယာဉ်ထွက်ခွာခွင့်)အထောက်အထားတွင် အပြီးသတ်လက်မှတ် ရေးထိုးရပါမည်။

၉။ မြဝတီနယ်စပ်ဒေသကုန်သွယ်ရေးဇုန် (သွင်းကုန်) အထွက်ဂိတ် တာဝန်ကျဝန်ထမ်းထံတွင် စစ်ဆေးရေးအရာရှိ လက်မှတ်ရေးထိုးထားသော Release Order ကို တင်ပြ၍ ကုန်တင်ယာဉ် စစ်ဆေးခွင့်စာရွက် (ယာဉ်ဝင်ခွင့်) အထောက်အထားနှင့် ယာဉ်စစ်ဆေးပြီးစီးကြောင်း လက်မှတ်စာရွက် (ယာဉ်ထွက်ခွာခွင့်) Gate Pass များကို အပ်နှံစေ၍ကုန်ပစ္စည်း တင်ဆောင်ထားသော ယာဉ်ထွက်ခွာရမည်။

၁၀။ Special Economic Zone (SEZ) သို့ သယ်ဆောင်မည့် ကုန်ပစ္စည်းများအတွက် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်၌ သွင်းကုန်ကြေညာလွှာတင်သွင်းရန် မလိုအပ်ဘဲ Bonded Transportation Declaration ကို ရုံးဖွင့်ရက်များတွင် SEZ Customs သို့လည်းကောင်း၊ ရုံးပိတ်ရက်များတွင် မြဝတီကုန်သွယ်ရေးဇုန် အကောက်ခွန်ရုံးသို့လည်းကောင်း လျှောက်ထားပြီး ခွင့်ပြုချက်ရရှိပါက မြဝတီကုန်သွယ်ရေးဇုန် သွင်းကုန်စစ်ဆေးရေးအဖွဲ့ထံတွင် ကုန်ပစ္စည်း တင်ဆောင်လာသောယာဉ်အား အကောက်ခွန်ချိပ် (Customs Seal) ပိတ်၍ ဆက်လက်သယ်ဆောင်ရပါမည်။ သက်ဆိုင်ရာ SEZ သို့ရောက်ရှိပါက သွင်းကုန်ကြေညာလွှာ တင်သွင်းခြင်း၊ အကောက်ခွန်စစ်ဆေးမှုခံယူခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရပါမည်။

**Import procedures provided by MACCS system for the operation of Myawaddy Border Area Trade Zone**

1. The process of import declaration is provided by declarant with MACCS system. (It is necessary to attach the relative documents for tariff preferential goods according to FTAs.)
2. For import declaration that is regarded as Yellow Channel and Red Channel, the appraiser examines the attached file, the approval letters of other government agencies, declared HS Code, cargo items and valuation of tax in MACCS System. After that, examination completion is provided.
3. No need to examine the document for import declaration that is regarded as Green Channel.
4. After checking, examination completion is provided.
5. Declarant can give the duties and taxes as Direct Payment or Deposit Payment. Then, Release Order will be taken by system, automatically.
6. Then, the declarant has to show the Release order and ask entry certificate for truck examination and request the name of Examination Officer for physical examination to the chief examination officer (import). (Cargo examination for all Channels included Green Channel is provided without fail.)
7. If the physical examination is finished for cargo, Examination Officer will sign on Release Order by recording in MACCS system. Depending on the kinds of cargo that is needed to examine in laboratory, sample is provided with customs seal. (For example, the cargo that is needed for FDA approval)
8. The paper for release order and truck examination completion shall be signed at Chief Examination Officer.

9. Then, Entry Certificate and Gate Pass for into and out of zone have to be given to the Customs staff who is on duty for the Exit Gate of Myawaddy Border Trade Zone (Import) and the vehicle that is loaded can pass.
10. For cargo that is carried out to Special Economic Zone (SEZ), Bonded Transportation Declaration is needed to apply on weekdays at SEZ Customs or on weekend at Myawaddy Trade Zone Customs. It does not need to submit import declaration at Myawaddy Border Trade Zone and after getting the permission, the vehicle that is loaded can be moved with customs seal to Myawaddy Trade Zone import investigation group (Customs). Submitting of import declaration and Customs examination will be continued according to specified rules and regulations when arriving to relevant SEZ.

## မြဝတီနယ်စပ်ဒေသကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း၏ MACCS စနစ်ဖြင့် ဆောင်ရွက်သော Exportလုပ်ငန်းစဉ်အဆင့်ဆင့်

၁။ Declarant မှ MACCS စနစ်ဖြင့် ထုတ်ကုန်ကြေငြာလွှာတင်သွင်းခြင်း လုပ်ငန်းစဉ်အား ဆောင်ရွက်ရပါသည်။

၂။ Yellow Channel နှင့် Red Channel အဖြစ် သတ်မှတ်ခံရသောထုတ်ကုန်ကြေညာလွှာများကို တာဝန်ခံစည်းကြပ်အရာရှိမှ သတ်မှတ်ပေးသောစည်းကြပ် အရာရှိက MACCS စနစ်တွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ ပြည့်စုံစွာ ပူးတွဲတင်ပြထားခြင်းရှိ/မရှိ၊ ကြေညာထားသော HS Code နှင့် ကုန်ပစ္စည်းအမျိုးအစား ကိုက်ညီမှန်ကန်မှုရှိ/မရှိနှင့် အခွန်အခတွက်ချက်ဖော်ပြထားမှုများအား စိစစ်ပါမည်။

၃။ စာရွက်စာတမ်း အထောက်အထားမူရင်းတင်ပြ အစစ်ဆေးခံရန် လိုအပ်သောကိစ္စရပ်များအတွက် စည်းကြပ်အရာရှိထံတွင် မူရင်းစာရွက်စာတမ်းများအားတင်ပြ၍ အစစ်ဆေးခံရမည်။ (Green Channel အဖြစ်သတ်မှတ်ခံရသော ထုတ်ကုန်ကြေညာလွှာများအတွက် စာရွက်စာတမ်းစစ်ဆေးမှုခံယူရန် မလိုအပ်ပါ။)

၄။ စည်းကြပ်အရာရှိမှ စိစစ်မှုပြီးစီးပါက စစ်ဆေးမှုပြီးစီးကြောင်း (Examination Completion) ကို ဆောင်ရွက်ပေးပါမည်။

၅။ Declarant သည် ကျသင့်သောအခွန်အခများအား Direct Payment နည်းလမ်းဖြင့်လည်းကောင်း၊ Deposit Payment နည်းလမ်းဖြင့်လည်းကောင်း ပေးဆောင်ပြီးပါက Allowed Shipment ကိုစနစ်မှ ထုတ်ပေးမည်။

၆။ ထို့နောက် ထုတ်ကုန်တာဝန်ခံ စစ်ဆေးရေးအရာရှိထံတွင် Allowed Shipment ကိုတင်ပြ၍ ကုန်ပစ္စည်းအားမျက်မြင်စစ်ဆေးရန် စစ်ဆေးရေးအရာရှိအမည် တောင်းခံရပါမည်။ (Green Channel အပါအဝင် Channel အားလုံးအတွက် ကုန်ပစ္စည်းစစ်ဆေးမှုကို မပျက်မကွက် ခံယူရပါမည်။)

၇။ ကုန်ပစ္စည်းကို မျက်မြင်စစ်ဆေးပြီးပါက စစ်ဆေးရေးအရာရှိမှ MACCS စနစ်တွင် စစ်ဆေးချက်မှတ်တမ်းရေးသွင်း၍ Allowed Shipment တွင် လက်မှတ်ရေးထိုးရပါမည်။ သီလဝါ SEZ မှ တင်ပို့သည့် ကုန်ပစ္စည်းများကို ချိပ်စည်း ပျက်/မပျက် စစ်ဆေးပြီး MACCS စနစ်တွင် စစ်ဆေးချက်မှတ်တမ်း ရေးသွင်းပါသည်။

၈။ ထုတ်ကုန်တာဝန်ခံ စစ်ဆေးရေးအရာရှိမှ Allowed Shipment တွင် အပြီးသတ်လက်မှတ်ရေးထိုး၍ မြဝတီနယ်စပ်ဒေသကုန်သွယ်ရေးဇုန်မှ ထွက်ခွာခွင့်ပြုပါသည်။

၉။ ကုန်စည်များတင်ပို့ရာတွင် ချစ်ကြည်ရေးတံတားအား ဖြတ်သန်းသည့်အချိန်၌ တံတားတာဝန်ကျ အကောက်ခွန်ဝန်ထမ်းမှ Allowed Shipment အား မှန်ကန်မှု ရှိ/မရှိ MACCS စနစ်အတွင်း ဝင်ရောက်စစ်ဆေးခြင်း၊ ကုန်ပစ္စည်းအမျိုးအမည် မှန်ကန်မှု ရှိ/မရှိအား မျက်မြင်စစ်ဆေးခြင်းများပြုလုပ်ပြီး မှန်ကန်ပါက စစ်ဆေးရေး အရာရှိမှ MACCS စနစ်တွင် စစ်ဆေးချက်မှတ်တမ်း ရေးသွင်းပါမည်။

၁၀။ MACCS စနစ်တွင် မှတ်တမ်းရေးသွင်းပြီးပါက ချစ်ကြည်ရေးတံတား(၁)ပေါ်မှ ယာဉ်ဖြတ်သန်းကြောင်းအထောက်အထားအဖြစ် ယာဉ်(၁)စီးချင်းစီအလိုက် ထုတ်ကုန် မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းပါသည်။

## Export procedures provided by MACCS system for the operation of Myawaddy Border Area Trade Zone

1. The declarant has to register the export declaration by the declarant with MACCS system.
2. The relative Customs appraiser has to examine the tax amount, whether the declared HS code is fit or not with the type of goods, whether the approvals of relevant documents are attached or not, for the export declarations that are in Yellow Channel or Red Channel.
3. The original documents have to be checked by the appraiser for the cases that will have to be checked. (The export declarations that are in green channel will not be needed for document examination)
4. After checking, examination completion is provided.
5. Declarant can give the duties and taxes as Direct Payment or Deposit Payment. Then, Allowed Shipment will be taken by system, automatically.
6. Then, the declarant has to show the Allowed Shipment and ask entry certificate for truck examination and request the name of Examination Officer for physical examination to the chief examination officer. (Cargo examination for all Channels included Green Channel is provided without fail.)
7. If the physical examination is finished for cargo, Examination Officer will sign on Allowed Shipment by recording in MACCS system. Depending on the kinds of cargo that is needed to examine in laboratory, sample is provided with customs seal. (For example, the cargo that is needed for FDA approval)
8. Allowing to depart form Myawaddy Border Trade Zone after completion of signing on the Allowed Shipment Paper by Export Chief Examination Officer.